


# မြန်မာနိုင်ငံ စားနပ်ရိက္ခာ ဖူလုံမှုအတွက် ဒေသအခြေပြု နည်းလမ်းများ

MYANMAR DEVELOPMENT OBSERVATORY

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ

Myanmar Development Observatory (MDO) သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားအခြေအနေများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် ပဋိပက္ခများ၏ အကျိုးသက်ရောက်မှုများကို အလေးပေးကာ သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းကို အထူးပြုဆောင်ရွက်ပါသည်။ ကုလသမဂ္ဂအေဂျင်စီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် တတ်သိပညာရှင်များ အပါအဝင် သက်ဆိုင်သူများနှင့် လက်တွဲဆောင်ရွက်ကာ MDO သည် မြန်မာနိုင်ငံရှိ ထိခိုက်လွယ်ဆုံးသူများကို အကျိုးပြုရန်နှင့် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းအား မြှင့်တင်ရန် မြေပြင်မှ သက်သေအထောက်အထားများနှင့် မြေပြင်စီမံကိန်းများကြား အပြန်အလှန်ဆက်သွယ်သူအဖြစ် ဆောင်ရွက်ပါသည်။

observatory.mm@undp.org မှ ကျွန်ုပ်တို့ထံဆက်သွယ်နိုင်ပြီး ကျွန်ုပ်တို့၏ဝဘ်ဆိုဒ် undp-mdo.org သို့လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# အစီရင်ခံစာအနှစ်ချုပ်



> “ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှု၊ စစ်တပ်အာဏာသိမ်းယူမှု၊ ရာသီဥတုဖောက်ပြန်မှုများ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးကဏ္ဍတွင် စားသောက်ကုန်ဈေးနှုန်းများအဆမတန်မြင့်တက်လာခြင်းများကို ဆန်းစစ်ထားပါသည်။”

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ်များ၏ ဖွဲ့စည်းပုံ၊ ယင်းအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၊ စစ်အာဏာသိမ်းမှုနှင့် မကြာမီကာလအတွင်းက စားသောက်ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာမှုတို့က မည်သို့မည်ပုံ သက်ရောက်မှုရှိကြောင်း လေ့လာဆန်းစစ် တင်ပြထားသော အစီရင်ခံစာ ဖြစ်ပါသည်။ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေရှည်လုပ်ဆောင်သွားရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား နေရာဒေသအလိုက် အစီအစဉ်ရေးဆွဲ ဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များကိုလည်း သက်သေအထောက်အထားများပေါ် အခြေခံ သည့် လမ်းပြမြေပုံတစ်ခု အသုံးပြု၍ ပေးအပ်ထားပါသည်။

ဤအစီရင်ခံစာကို ရေးသားပြုစုရာတွင် သတင်းရင်းမြစ်အမျိုးမျိုးကို အသုံးပြုခဲ့ပါသည်။ အဓိကအားဖြင့် ဤအစီရင်ခံစာ၏ အခြေခံအုတ်မြစ်သည် မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (MLCS)၊ FAO/WFP စောင့်ကြည့်လေ့လာမှု အစီရင်ခံစာများနှင့် IFPRI ၏ အိမ်ထောင်စုအဆင့် လူမှုဘဝ ဖူလုံမှုအခြေအနေစစ်တမ်းတို့မှ ကောက်ယူရရှိသည့် အချက်အလက်များ (raw data) အား စိစစ် လေ့လာထားမှု ရလဒ်များ ဖြစ်ပါသည်။ အဆိုပါစစ်တမ်းတစ်ခုချင်းစီ၏ စီကုံးရေးသားတင်ပြချက် အစီရင်ခံစာအပြည့်အစုံတို့အား ပြန်လည်သုံးသပ်လေ့လာခဲ့ရာတွင် ၂၀၁၅ ခုနှစ် မြန်မာ DHS အစီရင်ခံစာကဲ့သို့ အခြားစစ်တမ်းများ၏ အစီရင်ခံစာများကိုပါ အတူတကွ ထည့်သွင်းသုံးသပ် လေ့လာခဲ့ပါသည်။ ထို့မျှသာမက မြန်မာနိုင်ငံအတွင်းရှိ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်၊ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများနှင့် အာဟာရဆိုင်ရာ နည်းပညာစာတမ်းများ၊ ပညာ ရပ်ဆိုင်ရာ

ဂျာနယ်များမှ ပညာရှင်များအကြား အချင်းချင်း အပြန်အလှန် ဆွေးနွေးသုံးသပ်လေ့လာချက်များမှ တွေ့ရှိချက်များကိုပါ ထည့်သွင်းတင်ပြပေးထားပါသည်။

စားနပ်ရိက္ခာဖူလုံရေး၏ မဏ္ဍိုင်များဖြစ်ကြသည့် အစားအစာရရှိနိုင်မှု (availability)၊ လက်လှမ်းမီမှု (access)၊ အာဟာရအတွက် အကျိုးရှိစွာ အသုံးပြုနိုင်မှု (utilization) နှင့် တည်ငြိမ်မှု* (stability) ဟူသည့် မဏ္ဍိုင်တစ်ခုချင်းစီကိုလည်း လေ့လာသုံးသပ်ခဲ့သည်။ စိစစ်လေ့လာတွေ့ရှိချက်များအား ပြည်နယ်/တိုင်းဒေသကြီးအလိုက်နှင့် အချို့နေရာများတွင် စိုက်ပျိုးရေးဂေဟဇုန်များ (agro-ecological zones) အလိုက် ခွဲခြားတင်ပြထားပါသည်။ ထို့အပြင် သန့်ရှင်းသောသောက်ရေလက်လှမ်းမီမှုနှင့် ကလေးများတွင် ဖြစ်ပွားသည့် သွေးအားနည်းရောဂါ ပြင်းထန်မှုအဆင့်များကြား ဆက်နွှယ်မှုအား ကိန်းရှင်အမျိုးမျိုးဖြင့် စိစစ်လေ့လာထား ချက် (multivariate analysis) ကိုလည်း ပြည်နယ်အလိုက်ထည့်သွင်းတင်ပြပေးထားပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် လက်ရှိကြုံတွေ့နေရသည့် ပြဿနာများကို လေ့လာသုံးသပ်သောအခါ စားနပ်ရိက္ခာရရှိနိုင်မှု (availability) အပေါ် သက်ရောက်မှုရှိသည့် အရင်းခံအကြောင်းအချက်များတွင် ကောက်ပဲသီးနှံနှင့် မွေးမြူရေးသွင်းအားစုများ၏ စရိတ်ကြီးမြင့်မှုကြောင့် စုစုပေါင်း စားနပ် ရိက္ခာထုတ်လုပ်မှုပမာဏ (aggregate food production) ကျဆင်းခြင်း၊ ထွန်ယက်စိုက်ပျိုးသည့်အိမ်ထောင်စုများတွင် ဈေးကွက်တွင်းရောင်းချရန် အပိုအလျှံ နည်းပါးလာပြီးအိမ်ထောင်စုစားသုံး ရန်အတွက်သာ သိုလှောင်ထားရှိမှုနှုန်း မြင့်မားလာခြင်းတို့ပါဝင်ပါသည်။ အသက်မွေးဝမ်းကျောင်း မှုလုပ်ငန်းအခွင့်အလမ်းများ ရှားပါးလာမှု၊ ဝယ်ယူနိုင်စွမ်းအား (purchasing power) ကျဆင်းမှုနှင့် ဈေးနှုန်းကြီးမြင့်မှုတို့က အိမ်ထောင်စုများ၏ စားနပ်ရိက္ခာ လက်လှမ်းမီမှု (access) အခြေအနေကို ဆိုးရွားစေပါသည်။ ဈေးကွက်များသည် ပုံမှန်လည်ပတ်နိုင်ခြင်း မရှိကြပါ။ လွတ်လပ်စွာ သွားလာနိုင်မှု ကန့်သတ်ချက်များကြောင့် ဈေးများသို့ လက်လှမ်းမီသွားရောက်နိုင်မှုကိုလည်း အဟန့်အတား ဖြစ်စေပါသည်။ နိုင်ငံနှင့်အဝှမ်း တစ်နေရာနှင့် တစ်နေရာ ဆန်ဈေးနှုန်း ကွာဟချက်များ ကြီးမား နေသည်ကိုကြည့်လျှင် ဈေးကွက်၏ တစ်စိတ်တစ်ပိုင်းစီ ပြတ်တောက်ပြန့်ကျဲနေမှုကို မြင်တွေ့နိုင် ပါသည်။ ကျေးလက်ဒေသရှိ လယ်ယာမြေမှ ရရှိသော ဝင်ငွေနှင့် မြို့ပြဒေသရှိ လယ်ယာမြေပြင်ပ ဝင်ငွေ နှစ်မျိုးစလုံးမှာ ကျဆင်းသွားပါသည်။ သုံးစွဲနိုင်သည့်ဝင်ငွေ (disposable income) ကို ငွေသားဖြင့် လက်ဝယ်ရရှိရေးသည် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ လက်ရှိပေးအပ်နိုင်သည့်လူမှုဖူလုံရေး အထောက်အပံ့များမှာ အလွန်အမင်း နည်းပါးနေပါသည်။ ဆက်သွယ်ရေးကွန်ရက်များကြောင့် အရေးပေါ် ငွေကြေးထောက်ပံ့မှုများကို ပေးအပ်ရာတွင် အကန့်အသတ် ရှိနေပါသည်။

အစားအစာအား အာဟာရအတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မှု (food utilization) သည် လည်း ပြောင်းလဲလာပါသည်။ အစာစားသုံးမှုလျှော့ချခြင်း၊ အာဟာရ စုံလင်စွာ စားသုံးမှု နည်းပါး လာခြင်းတို့နှင့်အတူ အိမ်ထောင်စုအတွင်း ခွဲဝေစားသုံးမှုပုံစံများသည် ပြောင်းလဲလာပါသည်။ အိမ်ထောင်စုအတွင်းအမျိုးသမီးများက အစာအာဟာရပြည့်ဝစွာ စားသုံးခြင်းမရှိဘဲ ကလေးများကိုသာဦးစားပေးကျွေးမွေးခြင်းကို ပြုလုပ်လာကြပါသည်။ စားနပ်ရိက္ခာရှားပါးပြတ်လပ်လာချိန်များတွင် အမျိုးသမီးများ၏ ခွန်အားသုံး၍ ပင်ပင်ပန်းပန်း လုပ်ကိုင်ရသည့် အလုပ်များ၊ ကလေးများကို ပြုစုစောင့်ရှောက်ရန်၊ ကျွေးမွေးရန်ပေးရသည့်အချိန်များသည် ၎င်းတို့အတွက် ပိုမိုကြီးမားသည့် ဝန်ထုပ်ဝန်ပိုး ဖြစ်လာပါသည်။ အမျိုးသမီးများသည် မိသားစုအတွက် စားစရာ လုံလောက်အောင် ဝယ်ခြမ်းနိုင်ရန် နည်းလမ်းရှာကြရပြီး ဝယ်ယူနိုင်သည့် အစားအစာများ၏ အစာအာဟာရအရည်အသွေး ကျဆင်းသွားခြင်းကြောင့် ကလေးငယ်များကို အာဟာရလုံလောက်စွာ ကျွေးမွေးနိုင်ရေးမှာ ပို၍ ခက်ခဲလာပါသည်။ ထိုပြဿနာများ

* တည်ငြိမ်မှု ဆိုသည်မှာ စားနပ်ရိက္ခာကဏ္ဍသည် မိုးခေါင်ရေရှားမှုများ၊ မုန်တိုင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှုများ၊ ရေလွှမ်းမိုးမှုများ၊ အပူချိန်တိုးမြင့်မှုများနှင့် ပိုးမွှားကျခြင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကင်းဝေးကာ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ဈေးကွက် စသည်တို့ တည်ငြိမ်ခြင်းဖြစ်သည်။

> လွန်ခဲ့သည့် ဆယ်စုနှစ် ၂ ခု အတွင်း ပြင်းထန်သော ရာသီဥတုဖောက်ပြန်မှုဒဏ် ခံရသည့်အများဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် ဒုတိယအများဆုံးခံရသောနိုင်ငံအဖြစ် စာရင်းဝင် နေပါသည်။

အပြင် အိမ်ထောင်စုများ ကာလရှည်ကြာ ရင်ဆိုင်နေရသည့် ရေနှင့် သန့်ရှင်းရေးဝန်ဆောင်မှုများကို လက်လှမ်းမီမှု နည်းပါးခြင်းနှင့် အစား အစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြဿနာများလည်း ရှိနေပါသေးသည်။ တိရစ္ဆာန်မွေးမြူရေးကို မှီခိုအားထားနေရသည့် အိမ်ထောင်စုများသည် စားနပ်ရိက္ခာမဖူလုံမှု ပြဿနာကို ကြုံတွေ့ရနိုင်ခြေ ပိုများကြောင်း တွေ့ရပါသည်။ ၎င်းတို့ ထိန်းသိမ်းမွေးမြူထားနိုင်သော တိရစ္ဆာန်ကောင်ရေသည် ကျဆင်းလာနေပြီး လုံးဝကုန်ခမ်းမသွားအောင် ကာကွယ်ပေးဖို့ အရေးတကြီး လိုအပ်နေပါသည်။ မြန်မာနိုင်ငံတွင် ခံစားနေရသည့် မိခင်နှင့်ကလေး အာဟာရချို့တဲ့မှုသည် တိရစ္ဆာန်မှရရှိသည့် အစားအစာများကို ပုံမှန်စားသုံးနိုင်မှုမရှိဘဲ တိုးတက်ကောင်းမွန်လာနိုင်မည် မဟုတ်ပါ။ စားနပ်ရိက္ခာလက်လှမ်းမီမှုရှိရေးအတွက် ဈေးများသည် စွမ်းဆောင်ရည်ပြည့်ဝစွာ လည်ပတ်နိုင်ဖို့ လိုပါသည်။ ဈေးများသည် ယခုထက်ပို၍ ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်မည်ဆိုလျှင်ပင် ထိုသို့လည်ပတ် နိုင်ရေးကို အကန့်အသတ်ဖြစ်စေမည့် ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာများ ရှိနေလိမ့်ဦးမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုသည် စွမ်းဆောင်ရည်ပြည့်ဝထိရောက်မှုပိုင်းတွင် တိုးတက်လာခြင်းကြောင့် မဟုတ်ဘဲ သဘာဝအရင်းအမြစ်အခြေခံကို အထိခိုက်ခံပြီးမှ ရရှိလာသည့် တိုးတက်မှုများ ဖြစ်နေပါသည်။ ထို့ကြောင့် သစ်တောပြုန်းတီးခြင်း၊ မြေဆီလွှာ အငန်ဓာတ်တိုးလာခြင်း၊ မြစ်၊ ချောင်းများညစ်ညမ်းခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ အသုံးပြုခြင်းက စားနပ်ရိက္ခာကွင်းဆက်ကို ခြိမ်းခြောက်နေခြင်း ဟူသော ပြဿနာများ ဖြစ်ပေါ်စေပါသည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ဆောင်မှုများ သိသိသာသာ ကျဆင်းရပ်တန့်သွားခြင်းက ရရှိထားသည့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ တိုးတက်မှုများကို ထိခိုက်စေခဲ့ပါသည်။

ဤအစီရင်ခံစာတွင် စားနပ်ရိက္ခာဖူလုံမှု၏ မဏ္ဍိုင်များ အားကောင်းလာစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဖော်ထုတ်ပေးထားပြီး ကူညီပံ့ပိုးမှုများ အများဆုံးလိုအပ်နေသည့် ပြည်နယ်များနှင့်အတူ ယှဉ်တွဲတင်ပြပေးထားပါသည်။ စားနပ်ရိက္ခာဖူလုံရေးတွင် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာလက်လှမ်းမီရရှိမှု သို့မဟုတ် စားနပ်ရိက္ခာ ရရှိနိုင်မည့် နည်းလမ်းများသည် အလွန်ပင် အရေးကြီးသည်ဟု ယူဆပါသည်။ စုစုပေါင်း စားနပ်ရိက္ခာ ရရှိနိုင်မှု (aggregate food availability) လုံလောက်စေရေးအတွက် မြေဆီလွှာကို ပျက်စီးစေခြင်းမရှိဘဲ ရေရှည်တည်တံ့စေသည့် မြေဆီလွှာ ပြုပြင်ထိန်းသိမ်းစိုက်ပျိုးသော နည်းစနစ်ပုံစံများ (restorative agricultural models) ကို ဤအစီရင်ခံစာတွင် အကြံပြုထားပါသည်။ သို့သော် ထိုသို့သော စိုက်ပျိုးရေးစနစ်ပုံစံများကို အသုံးပြုခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများထဲတွင် အရေးအကြီးဆုံးမှာ အိမ်ထောင်စုများ၏ စားနပ်ရိက္ခာ လက်လှမ်းမီမှု တိုးတက်စေခြင်းပင် ဖြစ်ပါသည်။ စားနပ်ရိက္ခာ လက်လှမ်းမီမှု တိုးတက်စေရေး နည်းလမ်းများတွင် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အလုပ်လုပ်၍ ရရှိသည့် ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်သောပစ္စည်းများ ရောင်းချ၍ ရရှိသော ငွေများဖြင့် ဝယ်ယူခြင်း၊ စားနပ်ရိက္ခာထောက်ပံ့မှုများရရှိခြင်း စသည့်နည်းလမ်းများ ပါဝင်ပါသည်။ ထိုနည်းလမ်းများကို ကူညီပံ့ပိုးပေးနိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်မှုစနစ်များ ပိုမိုအားကောင်းလာစေရန် အားဖြည့်ထောက်ပံ့ပေးခြင်း၊ အိမ်ထောင်စုအဆင့်တွင် တန်ဖိုးမြင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်အောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ လုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးခြင်း၊ စာသင်ကျောင်းများရှိ အာဟာရကျွေးမွေးရေး အစီအစဉ်များတွင် ဒေသခံစိုက်ပျိုးရေးလုပ်ငန်းများကို ထိရောက်စွာ အသုံးချခြင်း၊ အစာကွင်းဆက်တစ်လျှောက်လုံးတွင် စားနပ်ရိက္ခာ အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ခြင်း၊ ဈေးကွက်တွင်း ပါဝင်ဆောင်ရွက်နိုင်မှု (market participation) မြင့်မားလာအောင် အားပေးမြှင့်တင်ခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု (food safety) တိုးတက်ကောင်း မွန်စေရေး ပံ့ပိုးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ကြောင်း အသေးစိတ် ဆက်လက်တင်ပြပေးထား

ပါသည်။ စားနပ်ရိက္ခာဖူလုံမှုအခြေအနေ တည်ငြိမ်မှုရှိစေရေး အထောက်အကူဖြစ်စေရန်အတွက် မိုးလေဝသနှင့် ရာသီဥတုအခြေအနေ၊ သီးနှံဖျက်ပိုးနှင့် တိရစ္ဆာန်ကပ်ရောဂါများဆိုင်ရာ ကြိုတင် သတိပေးစနစ်များကို အလေးထားဆောင်ရွက်ရမည်ဖြစ်သလို အဓိကကျသည့် ဈေးကွက်နှင့် ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို ပေးအပ်ရန်လည်း အရေးကြီးပါသည်။ အာဟာရပြည့်ဝရန်အတွက် အစားအစာများကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မှု (food utilization) တိုးတက်ရေးတွင် စိုက်ပျိုးရေးကဏ္ဍနှင့် အခြားကဏ္ဍများကြား၊ အထူးသဖြင့် WASH ကဏ္ဍကြား ချိတ်ဆက်ဆောင်ရွက်မှုများသည် အခြေခံကျကြောင်းကိုလည်း တွေ့ရှိရပါသည်။

စားနပ်ရိက္ခာဖူလုံရေး တည်ငြိမ်မှုရရှိစေရန် ပံ့ပိုးပေးသည့် အစီအမံများ၊ သီးနှံပိုးမွှားနှင့် ရောဂါဖြစ်ပွါးမှုများ နှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဥ်များအတွက် ကြိုတင်အသိပေးမှု လုပ်ငန်းများအပြင် ဈေးကွက်နှင့် ကုန်သွယ်ရောင်းဝယ်ရေး သတင်းအချက်အလက်များ၊ အသိပေးချက်များ အပေါ်တွင် အာရုံစိုက် အလေးထားသင့်ပါသည်။ အထူးသဖြင့် စောစီးစွာကြိုတင်သတိပေးချက် စနစ်သည် လွန်ခဲ့သောဆယ်စုနှစ် ၂ ခုအတွင်း ဒုတိယမြောက် ပြင်းထန်သောရာသီဥတုဒဏ်ခံနေရသော (ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအန္တရာယ်အညွှန်းကိန်း ၂၀၂၁)[၁] မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပါသည်။

> စားနပ်ရိက္ခာမလုံလောက်မှု၏ မူလဇစ်မြစ် အကြောင်းတရားများကို မဖြေရှင်းဘဲ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ရေရှည်မှီခိုခြင်းကို ဖြစ်စေသော အထောက်အပံ့များကို ရှောင်ကြဉ်သင့်ပါသည်။

မြန်မာနိုင်ငံအတွက် တုံ့ပြန်ဆောင်ရွက်ပေးနေမှုများတွင် လူသားချင်းစာနာမှုအကူအညီတစ်ခုတည်း ပေးအပ်နေခြင်းမှ ကာလအလယ်လတ်အစီအစဉ်များ (medium-term interventions) ကို ကူးပြောင်းလုပ်ဆောင်ပေးဖို့ လိုအပ်နေပါသည်။ ထိုသို့ ကူးပြောင်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ လူသားချင်းစာနာမှု အစီအစဉ်များကို ကာလရှည်ကြာ ဆောင်ရွက်ပေးနေရသည့် အခြေအနေမှ ရှောင်ရှားနိုင်ရန် ဖြစ်ပါသည်။ လူသားချင်းစာနာမှုအစီအစဉ်များသည် စားနပ်ရိက္ခာ မဖူလုံမှု၏ အကြောင်းရင်းခံများကို ဖြေရှင်းပေးနိုင်မည်မဟုတ်သလို ထိုအကူအညီများပေါ်တွင်သာ မှီခိုအား ထားနေမှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံစေရေး ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာအချို့ လျော့ပါးသွားအောင် ဖြေရှင်းပေးနိုင်မည့် ကာလလတ်အစီအစဉ်များကို အချိန်မီ အစပျိုးဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ လူသားချင်းစာနာမှုအစီအစဉ်ချည်းသက်သက်ကိုသာ ဆောင်ရွက်နေမည် ဆိုလျှင် ထိရောက်မှု အားနည်းမည်ဖြစ်ပါသည်။ လူသားချင်းစာနာမှုအဆင့်မှ ရုပ်သိမ်း ထွက်ခွာမှုမဟာဗျူဟာ (exit strategy) အတွက်လည်း ထိုကာလလတ်အစီအစဉ်များကို လုပ်ဆောင်ထားရန် လိုအပ်ပါသည်။ တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေများ၏ အတိုင်းအတာအရ အလှူရှင်များသည် လူသားချင်းစာနာမှု လုပ်ငန်းများအတွက် ရန်ပုံငွေများကို အဆုံးအစမရှိ ဆက်လက်ထောက်ပံ့ပေးနေနိုင်မည် မဟုတ်ပါ။

လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ သို့သော် အကြံပြုချက်များ ပေးအပ်ရာတွင်မူ အစိုးရမဟုတ်သည့် လုပ်ဆောင်သူများကို ဦးတည်သည့် အကြံပြုချက်များကိုသာ ဇောင်းပေးထားပါသည်။ ဥပမာ 'စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ဆောင်မှုများ' သည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခု မှသာ ပေးအပ်နိုင်သည့် ဝန်ဆောင်မှုမျိုး မဟုတ်ဘဲ 'နည်းပညာကူညီပံ့ပိုးမှု' တစ်ခုအဖြစ် နားလည် ရှုမြင်ရမည် ဖြစ်သည်။ အဓိကအားဖြင့် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များ (cooperation partners) နှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် သင့်လျော်ကောင်းမွန်သည့် မြေဩဇာများကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုများကို ပံ့ပိုးခြင်းနှင့်အတူ တောင်သူများ၏ ကျွမ်းကျင်မှုနှင့် အသိပညာများ အားကောင်းလာအောင် လုပ်ဆောင်ပေးနိုင်သည့် အခန်းကဏ္ဍအား အဓိကအလေးထား ပေးအပ်သည့် အကြံပြုချက်များကို တွေ့ရှိရမည်ဖြစ်သည်။ လူမှုကာကွယ်စောင့်ရှောက်မှုအတွက် အကြံပြုချက်များ

၁ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအန္တရာယ်အညွှန်းကိန်း ၂၀၂၁

တွင်လည်း အလားတူပင် တွေ့ရှိရမည်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် အကြံပြုထားသည့် နည်းလမ်းသည် နိုင်ငံတကာ စိုက်ပျိုးရေးသုတေသန သြစတြေးလျ ဗဟိုဌာန (ACIAR) မှ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ပဋိပက္ခဒဏ်သင့် မင်းဒါနောင်းဒေသရှိ ဒေသခံ လုပ်ဆောင်သူများနှင့်အတူ အကောင်အထည်ဖော်ခဲ့သည့် နည်းလမ်းပုံစံဖြစ်သော တိုးချဲ့ပညာပေး ဝန်ဆောင်မှုများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်း တိုးတက်ရေး (LIFE) စီမံကိန်းနှင့် ဆင်တူပါသည်။ ထိုနည်းလမ်းပုံစံမှာ ACIAR ၏ 'Landcare' ဟုခေါ်သော နည်းလမ်းအား ဒေသနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပြုပြင်ထားခြင်း ဖြစ်ပါသည်။ ထိုနည်းလမ်းတွင် ကူညီပံ့ပိုးသူ သို့မဟုတ် လူထုတိုးချဲ့ပညာပေးလုပ်သားများအဖြစ် ခန့်အပ်ထားသည့် ဒေသခံများမှတစ်ဆင့် စီမံကိန်းကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။[၂,၃]

မြန်မာနိုင်ငံရှိ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ်များအတွင်းတွင် ဆယ်စုနှစ်နှင့်ချီ၍ သက်ဆိုင်ရာ ကဏ္ဍများအပေါ် လုံလောက်သည့် အလေးထားဆောင်ရွက်ပေးမှု မရှိခြင်းကြောင့် နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းချို့ယွင်းချက်များ ရှိနေပါသည်။ အကြံပြုထားသော လုပ်ဆောင်ချက်များ၊ အစီအစဉ်များသည် ထိုအားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် လုပ်ငန်းအဆင့်များအဖြစ် ရှုမြင်သင့်ပါသည်။ ထိုအားနည်းချို့ယွင်းချက်များသည် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းတို့ကြောင့် ပို၍ မြင်သာထင်ရှားလာခဲ့သည်။ ၎င်းတို့အား အပြည့်အဝကိုင်တွယ်ဖြေရှင်း ပေးနိုင်ဖို့ဆိုလျှင် ရေရှည်မျှော်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ သို့သော် လက်ရှိအခြေအနေတွင် ဖြစ်နိုင်လျှင် နေရာဒေသအလိုက် (နယ်မြေဒေသအခြေပြု) အသေးစား စီမံကိန်းများကို အစပျိုး ဆောင်ရွက်ထားသင့်ပြီး အခြေအနေပေးသောအခါ တိုးချဲ့ဆောင်ရွက်သွား သင့်သည်။ ဤလေ့လာမှုက ပံ့ပိုးပေးနိုင်သော အကျိုးရလဒ် နောက်တစ်ခုမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကြုံတွေ့နေရသည့် ပြဿနာများအား အချက်အလက်ပြည့်စုံလှသည့် သုတေသနစာရွက်စာတမ်းများ၊ ဤအကြောင်းအရာနှင့်ပတ်သက်၍ ရှိထားပြီးသား၊ စုစည်းထားပြီးသား အချက်အလက်များ (datasets) မှ ကောက်နှုတ်တင်ပြပေးနိုင်ခြင်း ဖြစ်ပါသည်။ ပြဿနာများကို တင်ပြပြီးသည့်နောက်တွင် နေရာဒေသအလိုက် ပြဿနာဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ပြပေးထားပါသည်။ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များသည် မြေပြင်တွင် ဆောင်ရွက်နေသည့် စီမံကိန်းများအား ဒီဇိုင်းရေးဆွဲခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့တွင် ဤမူဘောင်ကို အကျိုးရှိစွာ အသုံးချနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ဤသုတေသနစာတမ်း၏ အတိုင်းအတာဘောင်အတွင်းတွင် ထိုသို့သော လုပ်ဆောင်ချက်များ၊ အစီအစဉ်များအား မည်သို့သော အစီအမံများဖြင့် အကောင်အထည်ဖော်ရ မည်ဆိုသည်ကို အတိအကျဖော်ပြရန် မပါရှိသော်လည်း UNDP ၏ ရပ်ရွာလူထု ပြန်လည် ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး (ENCORE) စီမံကိန်းကဲ့သို့သော ရည်ညွှန်း ကိုးကားနိုင်မည့် နမူနာအချို့ကိုမူ ထည့်သွင်းဖော်ပြပေးထားပါသည်။

---

၂ Improving livelihoods in conflict-vulnerable areas – Monograph - Australian Government – Australian Centre for International Agricultural Research – The facts of LIFE: An introduction to a new model of agricultural extension for conflict-vulnerable areas of the Philippines. 28 June 2021.

၃ Noel Vock & Evy Carusos, Re-tooling agricultural extension for conflict affected areas of the southern Philippines. – Rural Extension and Innovation Systems Journal, 2018 14 (2).

**United Nations Development Programme**
No. 6, Natmauk Road
Tamwe Township, Yangon 11211
Republic of the Union of Myanmar
Phone: +95(1) 542910 to 19
Fax: +95(1) 544 531
Email: registry.mm@undp.org
www.mm.undp.org
UNDP Myanmar
UNDP Myanmar